၁၉၈၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။

# မိုးသောက်ပန်း ဂျာနယ်

၂၀၁၆ ခုနှစ်၊ ဇွန်လ(၂၈)ရက် (အင်္ဂါနေ့)
အတွဲ(၁၉)၊ အမှတ်(၄၅)

ဤဂျာနယ်သည်
______________________
______________________
______________________
၏ဂျာနယ်ဖြစ်ပါသည်။







R-642 Designed By Aung Khant

စာမျက်နှာ (၂) သို့ ➡

* လူမိုက်သည် ယုတ်မာသောမကောင်းမှုတို့ကို ပြုသော်လည်း ပြုမှန်းမသိ၊ ထိုသို့ပင် မသိသော်လည်း မိမိ၏မကောင်းမှုတို့ကြောင့် မီးလောင်သကဲ့သို့ ဆင်းရဲပူပန်ရ၏။

* When the fool commits evil deeds, he does not realize(their evil nature). The witless man is tormented by his own deeds, like one burnt by fire.

## မိုးသောက်ပန်းဂျာနယ်၏ ဓမ္မလက်ဆောင်

* သူတော်ကောင်းတို့နှင့်သာ ပေါင်းဖော်ရာ၏။
သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကိုသာ ပြုကုန်ရာ၏။
သူတော်ကောင်းတို့၏တရားကို သိမြင်ရသဖြင့် မြင့်မြတ်သူ ဖြစ်လာနိုင်၏။
သူယုတ်မာဘဝသို့ မကျရောက်နိုင်ပေ။

လောကနီတိ

မြဝတီစာပေတိုက်၊ အမှတ် (၁၅) တပ်မြေ၊ မိုးကောင်းလမ်း၊ ၁၅ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၃၀၃၆၇၅၆၂(စာတည်း)၊ ၀၉ ၇၃၀၇၂၀၄၄(စီမံ)၊ ၀၉ ၃၂၄၉၈၇၂၄(ဖြန့်ချိရေး)

ရှေ့ဖုံးမှအဆက်


"IF YOU ARE LAZY AND SLEEP NEXT TIME, I WILL CHASE YOU OUT."
"HMM...BECAUSE OF THOSE TWO UNRULY FELLOWS, I HAVE GOT SCOLDED. WHERE ARE THE TWO STUPID RATS?"
"IT IS VERY GOOD TO DRINK, IT MIGHT BE THE BEST PORTION OF FOOD."
"I MIGHT BE CHASED OUT IF YOU ARE AROUND."
"IS THAT SO?"
"HOW HORRIBLE THEY ARE."
"I AM HEADING OFF."
"COME HERE. YOU ARE CAUGHT."
"HEY YOKE SOE GYI, TAKE A NAP PLEASE."
"IMM...THE LAZY CAT SUPPOSE TO FINISH CLEAR THE DANGER OF RATS THIS TIME."
"KYALI KYALI...."
".ARRRI RATS...RATS"
"STUPID CAT! WHAT ARE YOU DOING INSTEAD OF CLEAR THE RATS?"


" ALL MY STUFFS ARE DAMAGED BECAUSE OF RATS."
"YOU ASKED YOU TO DO BUT YOU CAN SLEEP TILL NOW."
"USELESS FELLOW. GET LOST!"
"I AM VERY SORRY THAT YOU HAD BEEN CHASED OUT OF THE HOUSE, YOKE SOE GYI."
"AFTER ME THAT WILL BE YOUR TURN."
"IT MIGHT BE A GOOD LIFE FOR US."
"I AM GOING TO EAT. GOING TO CHEW."
"HUH! HERE IS A PIECE OF FRIED CHICKEN."
"EATING FOOD MUST BE FAST.....FAST..."
"MY PET CAT COULD CATCH TWO STUPID RATS AT THE MOMENT."

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

# မိုးရွာချိန်

တိမ်မည်းညိုပြီ တောင်ရပ်ဆီ
မိုးတွေရွာတော့မည်။
ဂျိုးဂျိမ့်သံမြည် ချုန်းသံပေး
လျှပ်ရောင်ဝင်းပြီလေး။
မိုးပြေးကလေး တဖြိုက်ရွာ
မြက်တွေစိမ်းစိုလာ။
အုံအင်အော်တာ ကိုရွှေဖား
မိုးကိုကြိုတာလား။
ဝမ်းစာစပါး စိုက်ဖို့ရာ
လယ်ထွန်ဆင်းချိန်ခါ။
ရွှေဝါသီးနှံ ထွက်ရှိဖို့
မိုးတွေရွာပါဗျို့။ ။

မန်းတင့်မော်



## စုံ

* စလုံး တစ်ချောင်းငင် သေးသေးတင်
စုံဟုခေါ်သည်ပင်၊
ပြည့်ဝစုံလင် ပေါပါဘိ
အကျိုးပုဆိုး အစုံရှိ။
သစ်ဝါးပေါသည့် စုံတောမြိုင်
စုံစမ်း စစ်ဆေးနိုင်၊
စုံတွဲထိုင်တဲ့ ခုံတန်းကြား
စုံမဝှက်တမ်း ကစား။

## ဖတ်စရာ၊ မှတ်စရာ

# သတ်ပုံကဗျာ

ရေနံ့သာမောင်ကျော်ညွန့်



## စုန်

* စလုံး တစ်ချောင်းငင် နသတ်စုန်
အညာလှေကြီး အောက်သို့စုန်၊
ရေစုန်ရေဆန် ရေလမ်းခရီး
အစုန်အဆန်သင်္ဘောစီး။

## မာတိကာ

၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၈) ရက်

အတွဲ (၁၉)၊ အမှတ် (၄၅)

**ကဗျာ**

| | | |
|---|---|---|
| မိုးရွာချိန် | မန်းတင့်မော် | ၄ |

**ရုပ်ပြကာတွန်း**

| | | |
|---|---|---|
| ကြောင်ရုပ်ဆိုးနှင့် ကြွက်ညီနောင် | နေခြည် | ၁ |
| ငါးလေးနှစ်ကောင် | မြေရှိုင်း | ၅ |
| ရေမာယာ | Mega(Pyay) | ၁၄ |
| မုဆိုးချော် | သိကၡာ | ၁၈ |

**ကလေးတို့အတွက် သုတ၊ ရသကဏ္ဍ**

| | | |
|---|---|---|
| ဖတ်စရာ၊ မှတ်စရာ သတ်ပုံကဗျာ | ရေနံ့သာမောင်ကျော်ညွန့် | ၄ |
| ထူးဆန်းထွေလာ တိရစ္ဆာန်တို့ကမ္ဘာ | ဇော်တေဇ | ၈ |
| ဆင်ခြင်တုံတရားကင်းမဲ့ခြင်း အကျိုးယုတ်ရာ၏ | ဦးငယ် | ၁၀ |
| မိမိဝန်းကျင်မှ သစ်သီးဝလံများ | မေပြည့်စုံ | ၁၃ |
| ကလေးတို့အတွက် ပုံပြအဘိဓာန် | ရွှေဝါဦး | ၁၃ |
| အထွေထွေ ဗဟုသုတ | ထက်ဘုန်း | ၁၉ |

**ဉာဏ်စွမ်းရည်**

| | | |
|---|---|---|
| မိုးသောက်ပန်းဆုဒိုခုပြိုင်ပွဲအမှတ်စဉ်(၃၉၃) | MOE | ၉ |
| ဆေးရောင်လှလှခြယ်ကြရအောင် | ခင်နှင်းဆီ | ၁၂ |

စာတည်းမှူးချုပ်
ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး က
ပုံနှိပ်သူ မှတ်ပုံတင်အမှတ်
(၀၀၆၅၆) ဖြင့် ပုံနှိပ်၍ ထုတ်ဝေသူ
မှတ်ပုံတင်အမှတ်(၀၀၈၁၄)ဖြင့်
ဖြန့်ချိထုတ်ဝေသည်။

| | |
|---|---|
| စာတည်းမှူးချုပ် | ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး |
| ဒုတိယစာတည်းမှူးချုပ် | (ဗိုလ်မှူး)ဗိုလ်ကြီးလှိုင်ဘွား |
| စာတည်းမှူး | ဗိုလ်မှူးဇော်မင်းသန်း |
| တာဝန်ခံစာတည်း | ဗိုလ်မှူးဇော်မင်းသန်း |
| လက်ထောက်စာတည်း | ဒေါ်ခင်ဌေးဦး၊ ဒေါ်သန္တာဝင်း |
| မျက်နှာဖုံးဒီဇိုင်း | Aung Khant |
| စာစီနှင့်ဒီဇိုင်း | ဖွားကောက် |
| အတွင်းဒီဇိုင်း | ထိုက်သန္တာ |
| စာပြင် | ရည်မွန်ခိုင် |

နိုင်ငံသားအားလုံးသည် နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ရှိသည်။


TWO LITTLE FISHES
CARTOON: MYEY YINE
TR : TRIPLE A
A SHOAL OF FISH IS SWIMMING HERE AND THERE UNDER WATER WORLD WHERE A LARGE VARIETY OF AQUATIC ANIMALS ARE LIVING.
"NI MOE AND HSU PHYOE ARE FRIENDS."
"NI MOE, PLEASE LOOK AFTER YOUR FRIEND HSU PHYOE."
"ALRIGHT."
"THERE ARE SOME HARMFUL AQUATIC ANIMALS UNDER THE WATER."
"SOME DANGEROUS BIRDS ARE ABOVE THE WATER AS WELL."
"PLEASE TEACH HIM HOW TO CONTEMPLATE IN DAILY LIFE AS EVERYWHERE HAS A DANGEROUS SITUATION."
"ALRIGHT."
NI MOE AND HSU PHYOE CONTINUE THEIR SWIMMING.
"WHAT IS A DANGER?"
A FLOCK OF EGRET ARE STANDING STILL IN THE EDGE OF WATER.
AFTER SUDDEN MOVEMENT, A FISH WAS IN THE BEAK.

www.facebook.com/themyawadydaily






www.facebook.com/themyawadydaily

www.facebook.com/themyawadydaily






www.facebook.com/themyawadydaily

မိုးသောက်ပန်း ဂျာနယ်

# ထူးဆန်းထွေလာ တိရစ္ဆာန်တို့ ကမ္ဘာ



ဇော်တေဇ

## မျိုးသုဉ်းပျောက်ကွယ်တော့မည့် အလွန်ကျော်ကြားသော သတ္တဝါများအကြောင်း

### ၇။ အပြာရောင်ဝေလငါး(Blue Whale)

ကမ္ဘာပေါ်တွင် အပြာရောင်ဝေလငါးများအား မြောက်ဝင်ရိုးစွန်းဒေသမှလွဲ၍ သမုဒ္ဒရာအားလုံးတွင် ရှာဖွေတွေ့ရှိနိုင်သည်။ အပြာရောင်ဝေလငါးများ၏အရေအတွက်သည် ၂၀ ရာစုတွင် ဝေလငါးဖမ်းခြင်းကြောင့် ၉၀ရာခိုင်နှုန်းအထက်လျော့နည်းခဲ့ခြင်းဖြစ်လာခဲ့ကြသည်။ မျိုးစိတ်များအား စီးပွားဖြစ်ဖမ်းဆီးခြင်းအား ၁၉၆၆ ခုနှစ်တွင် နောက်ဆုံးပိတ်ပင်တားမြစ်ခဲ့သည်။ အမေရိကန်နိုင်ငံ၏ နိုင်ငံတကာပင်လယ်နှင့်ဆိုင်သော ငါးဖမ်းလုပ်ငန်းများအား ၁၉၉၈ ခုနှစ်တွင် ဝေလငါးများတိုးပွားရေးအစီအစဉ်အတွက် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ထိုလုပ်ငန်းများအား ဓာတ်ပုံအချက်အလက်များဖြင့် ပြုစုထားသော မှတ်တမ်းများ၊ စည်းကမ်းချက်များကို ထားရှိခဲ့ကြသည်။ ထိုထဲတွင် ဝေလငါးများ၏ မျိုးရိုးဗီဇဆိုင်ရာ အချက်အလက်များနှင့် ရာသီအလိုက် ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ အချက်အလက်များပါရှိသည်။





### ၈။ ကျား(Tiger)

သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ပညာရှင်များ၏ကွင်းဆင်းလေ့လာထားသော စစ်တမ်းများအရ ကမ္ဘာတစ်ဝန်းလုံးတွင် ကျားမျိုးကောင်ရေ (၃၆၀၀) ခန့်သာကျန်ရှိတော့သဖြင့် မျိုးသုဉ်းပျောက်ကွယ်နိုင်သည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ ပညာရှင်တို့၏မှတ်တမ်းများအရ လွန်ခဲ့သော နှစ် ၁၀၀ခန့်က ကမ္ဘာပေါ်တွင် ကျားကောင်ရေစုစုပေါင်း တစ်သိန်းခန့်ရှိခဲ့ပြီး နှစ်တစ်ရာကာလအတွင်း ဤမျှအထိလျော့ကျသွားခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကျားမျိုးထိန်းသိမ်းစောင့်ရှောက်ရေး အစည်းအဝေးကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် ရုရှားနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပခဲ့သည်။ ကျားကောင်ရေလက်ကျန်ရှိနေသေးသောနိုင်ငံများဖြစ်ကြသည့် ရုရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ မလေးရှား၊ နီပေါ၊ ထိုင်း၊ ဗီယက်နမ် စုစုပေါင်း (၁၃)နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။ ပညာရှင်များ၏ခန့်မှန်းချက်အရ ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုဘဲ ယခုအတိုင်းသာထားလိုက်ပါက လာမည့်နှစ်တွင် ကျားကောင်ရေ ၂၀၂၂ ကောင်ခန့် ထပ်မံကွယ်ပျောက်နိုင်ကြောင်း ထောက်ပြထားကြသည်။ ရုရှားနိုင်ငံတွင် ဆိုက်ဘေးရီးယားကျားမျိုးကောင်ရေ (၄၀၀) ခန့်ကျန်ရှိနေသေးပြီး မြန်မာနိုင်ငံတွင်လည်း ကျားကောင်ရေ (၁၅၀) ကျော် ကျန်ရှိနေသေးကြောင်းသိရသည်။ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (World Wildlife Fund-WWF)၏ စစ်တမ်းကောက်လေ့လာချက်အရ လွန်ခဲ့သောဆယ်စုနှစ်တစ်ခုအတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် ကျားကောင်ရေ (၁၀၀၀) ကျော် သတ်ဖြတ်ခံခဲ့ရကြောင်း သိရသည်။ တစ်နှစ်လျှင် ပျမ်းမျှ (၁၀၄)ကောင်မှ (၁၁၉)ကောင်နှုန်းဖြင့် ပျောက်ကွယ်နေရသည်။ ကမ္ဘာ့ကျားကောင်ရေစုစုပေါင်း၏ ထက်ဝက်ကျော်သည် အိန္ဒိယနိုင်ငံတွင်ရှိနေပြီး တရုတ်နိုင်ငံသည် ကျားကို ဆေးဖော်ရန်အတွက် အသုံးချသောနိုင်ငံဖြစ်သည်။ တရုတ်အာဏာပိုင်များအနေဖြင့်လည်း နှစ်ပေါင်းထောင်ကျော်မျှ အရိုးစွဲလာခဲ့သော ရိုးရာအစဉ်အလာဖြစ်နေသည့်အတွက် အဆိုပါကိစ္စကို ကိုင်တွယ်ရခက်ခဲနေပါသည်။



# မိုးသောက်ပန်း ဆုဒိုခု ပြိုင်ပွဲ

MOE

## မိုးသောက်ပန်းဂျာနယ် ဆုဒိုခုပြိုင်ပွဲ အမှတ်စဉ် (၃၉၃)

အမည် ____________________

မှတ်ပုံတင်အမှတ် ____________________

နေရပ်လိပ်စာ ____________________

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | 5 | | | 8 | | | 4 |
| | 6 | | | 4 | | | 1 | |
| | 2 | | | | | 8 | | |
| | | 1 | | | | 9 | | |
| 2 | | | | 1 | | | | |
| | | | | 5 | 7 | | 8 | 6 |
| | | | | 6 | | | 9 | 5 |
| | | | 3 | | 4 | | | |
| 3 | 8 | | | | | 7 | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 7 | | | | 5 | | | | |
| 3 | | | | | | 8 | | 1 |
| | | | | | 1 | 3 | | 4 |
| | 6 | 9 | 7 | | | | | |
| 8 | | | | 2 | | 4 | | |
| | 7 | | | 8 | | | 6 | |
| 6 | | | | | 4 | 2 | | |
| | | | 2 | | | | 9 | |
| | | 2 | | | | | | 3 |

### စည်းမျဉ်းစည်းကမ်းများ

၁။ အတိုင်(column)နှင့် အတန်း(row) တစ်ခုချင်းစီတွင် ၁ မှ ၉ အထိ ဂဏန်းကိုးလုံးကို ထည့်ရမည်။

၂။ အကွက်ကိုးကွက်စီပါသော ဇုန်(region)တစ်ခုချင်းစီတွင်လည်း အလားတူ ဂဏန်းကိုးလုံးကို မထပ်အောင် ထည့်ရမည်။

၃။ အထက်ပါအချက်များကို လိုက်နာ၍ ဖြည့်စရာကွက်လပ်မကျန်လျှင် ဂိမ်းအောင်ပြီဟု ဆိုနိုင်ပါသည်။

၄။ ဆုဒိုခုအဖြေလွှာဖြတ်ပိုင်းများကို (၈. ၇ . ၂၀၁၆) နေ့လယ်အရောက် မြဝတီစာပေတိုက်ရုံးခွဲ၊ အမှတ် (၁၈၁)၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ပေးပို့ရမည်ဖြစ်ပါသည်။

၅။ ဆုဒိုခုအဖြေမှန်အတွက် ဆုငွေ (၅၀၀၀ ကျပ်)နှင့် မိုးသောက်ပန်းဂျာနယ်တစ်စောင် ချီးမြှင့်ပါမည်။ အဖြေမှန်သူတစ်ဦးထက်ပိုပါက မဲနှိုက်ရွေးချယ်သွားပါမည်။

၆။ ဆုချီးမြှင့်ခြင်းခံရသူနှင့် အခြားအဖြေမှန်သူများအမည်အား မိုးသောက်ပန်းဂျာနယ်တွင် ထည့်သွင်းဖော်ပြသွားပါမည်။

## မိုးသောက်ပန်းဆုဒိုခုပြိုင်ပွဲ အမှတ်စဉ် (၃၉၀) ဆုရရှိသူ

ဒေါ်သန်း
ဥတ္တံတားကျေးရွာ၊ ပေါင်မြို့နယ်။

### အဖြေမှန်ပြီး ဂျာနယ်လက်ဆောင်ရရှိသူများစာရင်း

၁။ ဒေါ်မြမြခင်
လှော်ကားဥယျာဉ်အိမ်ရာ၊ ရွှေပြည်သာမြို့နယ်။
၂။ မသဥ္ဇာ
၆၉/၂၊ မင်းဒင်လမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏမြို့။
၃။ မောင်တင်မျိုးနိုင်
၃၂၊ သီတာလမ်း၊ အလုံမြို့နယ်။
၄။ မသက်သက်အေး
၃၂၊ သီတာလမ်း၊ အလုံမြို့နယ်။
၅။ မောင်သန်းထွန်း
၃၂၊ သီတာလမ်း၊ အလုံမြို့နယ်။
၆။ မောင်ကျော်စိန်ဦး
အမှတ်(၃၇)၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်။
၇။ မအေးအေးခိုင်
လှော်ကားဥယျာဉ်အိမ်ရာ၊ ရွှေပြည်သာမြို့နယ်။
၈။ ခင်စိုးမြင့်
အမှတ် ၂၅၊ ၃ လွှာ၊ ၉၄ လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၉။ မတင်မာလာဝင်း
အမှတ် ၅၀၊ ၆ လွှာ၊ ၉၈လမ်း၊ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၁၀။ မသဥ္ဇာဝင်း
အမှတ် ၅၀၊ ၆ လွှာ၊ ၉၈လမ်း၊ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၁၁။ မခင်မိုးမိုး
အမှတ် ၂၅၊ ၂ လွှာ၊ ၉၄လမ်း၊ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၁၂။ မင်းရဲကျော်
အမှတ် ၂၅၊ ၃ လွှာ၊ ၉၄လမ်း၊ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၁၃။ နွယ်နီထွန်း
အမှတ် ၂၅၊ ၄ လွှာ၊ ၉၄လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၁၄။ မောင်ရဲလွင်
၁၆၁၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၁၅။ မအေးအေးမြင့်
အမှတ်(၃၇)၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်။
၁၆။ မတင်လှ
အမှတ် ၁၇၊ လမ်း ၉၀၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၁၇။ မဝွက်
အမှတ် ၁၉၊ လမ်း ၉၀၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၁၈။ မိုးလွင်
အခန်း ၄၊ တိုက် ၆၈၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၁၉။ မောင်ပီတာ
အမှတ် ၁၅၊ ၈၇ လမ်း၊ ပလွှာ၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၂၀။ နန်းမြင့်လွင်
၃၁၁၊ သခင်ဖိုးလှကြီးလမ်း၊ ၄၃ ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း။
၂၁။ သီရိဖြိုးနိုင်
၂၃၈၊ ပညာတန်ဆောင် ၃ လမ်း၊ ၄၃ ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း။
၂၂။ ဘုန်းခိုင်ခန့်သူ
၂၃၇၊ ပညာတန်ဆောင် ၃ လမ်း၊ ၄၃ ရပ်ကွက်၊ ဒဂုံမြောက်။
၂၃။ ဉာဏ်လင်းထက်
၂၃၉၊ ပညာတန်ဆောင် ၃ လမ်း၊ ၄၃ ရပ်ကွက်၊ ဒဂုံမြောက်။
၂၄။ မောင်လှသန်း
အမှတ် ၁၅၊ ၈၇ လမ်း၊ ၃ လွှာ၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၂၅။ တင်နီလာထွန်း
အမှတ် ၂၅၊ ၄ လွှာ၊ ၉၄ လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၂၆။ သံစဉ်နုယဉ်
အမှတ် ၂၅၊ ၄ လွှာ၊ ၉၄ လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၂၇။ မောင်သီဟဇော်
အမှတ် (၂၀)၊ ဦးဖိုးကျားလမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၂၈။ မောင်အောင်ထွန်းလင်း
အမှတ်(၃၈)၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်။
၂၉။ ဒေါ်နှင်းနှင်းလွင်
ယုဇနဥယျာဉ်အိမ်ရာ၊ တောင်ဒဂုံ။
၃၀။ ဦးထွန်းမြင့်
ယုဇနဥယျာဉ်အိမ်ရာ၊ တောင်ဒဂုံ။
၃၁။ မောင်ဇေယျာဦး
အမှတ်(၃၈)၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်။
၃၂။ မခင်ခင်စမ်း
အမှတ်(၁၈)၊ ဦးဖိုးကျားလမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၃၃။ မမေမြတ်နိုးလွင်
အမှတ် (၅၀)၊ ၉၃ လမ်း၊ ၄ လွှာ၊ ကန်တော်ကလေး၊မင်္ဂလာတောင်ညွန့်မြို့နယ်။
၃၄။ မလွင်လွင်ဦး
အမှတ် (၅၀)၊ ၉၃ လမ်း၊ ၄ လွှာ၊ ကန်တော်ကလေး၊မင်္ဂလာတောင်ညွန့်မြို့နယ်။
၃၅။ မခင်နန္ဒာအောင်
အမှတ်(၁၈)၊ ဦးဖိုးကျားလမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၃၆။ မောင်ယဉ်ထွေး
အမှတ် ၂၅၊ ၃ လွှာ၊ ၉၄ လမ်း၊ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၃၇။ ဦးစန်းမောင်
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၃၈။ ဒေါ်ခင်ညိုညို(၁)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၃၉။ ဒေါ်ခင်ညိုညို(၂)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၄၀။ မခင်လေးညို(၁)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၄၁။ မခင်လေးညို(၂)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၄၂။ မောင်ဆန်းဝင်းမောင်
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၄၃။ မအေးသီတာညို
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၄၄။ မောင်မြတ်စိုးမောင်(၁)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၄၅။ မောင်မြတ်စိုးမောင်(၂)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၄၆။ ကိုကျော်စွာဝင်း
၇/၁၆၂၊ ဦးပန်းဖြူလမ်း၊ တောင်ငူမြို့။
၄၇။ မယုသန္တာကျော်
ဒရိမ်းကျေးရွာ၊ ပေါင်မြို့နယ်။
၄၈။ မခင်မြင့်ချို
ဒရိမ်းကျေးရွာ၊ ပေါင်မြို့နယ်။
၄၉။ မောင်တင်ထွန်းအောင်
ဒရိမ်းကျေးရွာ၊ ပေါင်မြို့နယ်။
၅၀။ မောင်ဝင်းသန်းထိုက်
ဥတ္တံတားကျေးရွာ၊ ပေါင်မြို့နယ်။
၅၁။ မအေးသန္တာအောင်
ကဒုံစီးရပ်ကွက်၊ ပေါင်မြို့။
၅၂။ မသဇင်အေး
အမှတ်(၁၆)၊ ကဒါမြို့သစ်(၁)လမ်း၊ ပေါင်မြို့။
၅၃။ မမြင့်မြင့်စန်း
အ. မ. က ဒရိမ်း၊ ပေါင်မြို့နယ်။
၅၄။ မောင်ဇေယျာနိုင်
အပိုင်(၉)၊ မာဃလမ်း၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်။
၅၅။ မပြည့်ပြည့်ဖြိုးစံ
အမှတ် ၁၃၄၊ ပါရမီလမ်း၊ ရဲစုတောင်ရပ်ကွက်၊ ထောက်ကြန့်မြို့။
၅၆။ ကိုထွန်းဇော်ဦး
၁၁/၁/၂၉၃၊ ထွန်းရွှေဝါလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။
၅၇။ ရွှေစင်
အမှတ် ၂၈၊ ပထမထပ်၊ စံပြဈေး၊ သယ်န်းကျွန်းမြို့နယ်။

### အမှတ်စဉ် (၃၉၀) အဖြေမှန်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 8 | 3 | 4 | 6 | 9 | 2 | 5 | 1 | 7 |
| 2 | 6 | 9 | 1 | 5 | 7 | 8 | 4 | 3 |
| 5 | 7 | 1 | 8 | 3 | 4 | 2 | 9 | 6 |
| 7 | 2 | 5 | 4 | 1 | 8 | 3 | 6 | 9 |
| 1 | 4 | 8 | 9 | 6 | 3 | 7 | 2 | 5 |
| 6 | 9 | 3 | 2 | 7 | 5 | 4 | 8 | 1 |
| 3 | 8 | 6 | 7 | 4 | 1 | 9 | 5 | 2 |
| 4 | 1 | 7 | 5 | 2 | 9 | 6 | 3 | 8 |
| 9 | 5 | 2 | 3 | 8 | 6 | 1 | 7 | 4 |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 8 | 3 | 4 | 9 | 1 | 5 | 7 | 2 | 6 |
| 1 | 7 | 9 | 6 | 4 | 2 | 5 | 8 | 3 |
| 5 | 6 | 2 | 3 | 8 | 7 | 1 | 4 | 9 |
| 2 | 5 | 7 | 4 | 9 | 3 | 8 | 6 | 1 |
| 4 | 8 | 3 | 7 | 6 | 1 | 2 | 9 | 5 |
| 9 | 1 | 6 | 5 | 2 | 8 | 4 | 3 | 7 |
| 7 | 2 | 5 | 8 | 3 | 6 | 9 | 1 | 4 |
| 6 | 9 | 1 | 2 | 5 | 4 | 3 | 7 | 8 |
| 3 | 4 | 8 | 1 | 7 | 9 | 6 | 5 | 2 |

ဆုငွေနှင့် ဂျာနယ်လက်ဆောင်များကို အမှတ် (၁၈၁)၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

www.facebook.com/themyawadydaily



# ဆင်ခြင်တုံတရားကင်းမဲ့ခြား အကျိုးယုတ်ရာ၏

## ဦးငယ်

ရှေးအခါတစ်ပါး၌ ဗာရာဏသီပြည်တွင် ရိုးသားပြီး တစ်ဖက်သား အပေါ် သနားကြင်နာစိတ်ရှိသော ဆင်ဆရာကြီးဦးစေတနာဆိုသူ ရှိလေသည်။ ဦးစေတနာသည် ဗာရာဏသီပြည့်ရှင်မင်းထံ၌ အမှုတော်ထမ်းလေသည်။

တစ်ခါသော် ဗာရာဏသီပြည်နှင့်မနီးမဝေးရှိ ဂါလရွာမှ အတ္တကြီး၍ စဉ်းစားဉာဏ်ကင်းသော မောင်တုပဆိုသူ လူငယ်တစ်ဦးသည် ဆင်ဆရာကြီးထံ ဆင်အတတ်ပညာသင်ပေးရန် ခယတောင်းပန်လေသည်။ ဆင်ဆရာကြီးဦးစေတနာသည် အမည်နှင့်လိုက်အောင် သနားတတ်သူ ဖြစ်သဖြင့် မောင်တုပကို တပည့်အဖြစ်လက်ခံပြီး ဆင်အတတ်ပညာကို မခြွင်းမချန် အိတ်သွန်ဖာမှောက်သင်ကြားပေး၏။

တစ်နေ့ ဆင်ဆရာဦးစေတနာက "ကဲ - မောင်တုပလည်း ဆရာ့ကဲ့သို့ ဆင်အတတ်ကိုတတ်ပြီ၊ ဒီတော့ မင်းတရားကြီးထံတော်ပါးမှာ အမှုတော်ထမ်းမလား"လို့ မေးသည့်အခါ မောင်တုပက "ဆရာကြီးသင့်တော်သလိုသာ စီစဉ်ပါ"ဟု ဆိုလေသည်။ ထို့ကြောင့် ဆင်ဆရာကြီးသည် ဘုရင်မင်းတရားကြီးအား အကျိုးအကြောင်းလျှောက်ထားလေရာ မင်းတရားကြီးက "အိမ်း. . . ကောင်းပြီ၊ ဆင်ဆရာကြီး၏လက်ထောက်အဖြစ် ခန့်အပ်စေ၊ အခကြေးငွေကတော့ ဆင်ဆရာကြီးရဲ့ထက်ဝက်ကိုသာ ခံစားစေဗျား" လို့ မိန့်တော်မူလေသည်။

ဆင်ဆရာကြီးသည် ဘုရင့်နန်းတော်မှ အားရဝမ်းသာစွာ ပြန်လာပြီး တပည့်ဖြစ်သူအား အကျိုးအကြောင်းပြောပြလေရာ မောင်တုပက ဆင်ခြင်တုံတရားကင်းမဲ့စွာ "ဗျာ . . . လခက ဆရာကြီးရဲ့ထက်ဝက် ဘယ့်နှယ်ဗျာ၊ ကျွန်တော်လည်း ဆရာကြီးနည်းတူ အလုံးစုံတတ်ထားတာပဲ၊ ဘယ်နည်းနဲ့မျှ လက်မခံနိုင်ဘူး"လို့ ခါးသီးစွာ ငြင်းဆန်လေသည်။

ထိုအခါ ဆင်ဆရာကြီးသည် ဗာရာဏသီဘုရင်မင်းတရားကြီးထံ အခစားဝင်ပြီး မောင်တုပ၏ သဘောထားကို တင်ပြလျှောက်ထားရာ ဘုရင်မင်းတရားကြီးသည် ခေတ္တစဉ်းစားပြီးနောက် "အိမ်း . . . လခ ညီတူညီမျှ လိုချင်သပဆိုရင် ဆင်ဆရာကြီးနဲ့ယှဉ်ပြိုင်ရလိမ့်မယ်၊ ထူးချွန်မှ လခတန်းတူရမယ်"လို့ မိန့်တော်မူလေသည်။ ဆင်ဆရာကြီးသည် တပည့်ဖြစ်သူအား ဘုရင်မင်းတရားကြီး၏ မိန့်တော်မူချက်ကို ပြောပြလိုက်ရာ မောင်တုပသည် လက်ခမောင်းခတ်၍ပင် "ဒါမှ သဘာဝကျတယ်၊ ကျွန်တော် ဆရာကြီးနဲ့ ဆင်ပညာ ဘယ်သူသာတယ်ဆိုတာ ပြိုင်မယ်"လို့ ကြုံးဝါးလေသည်။

ဆင်ဆရာကြီးသည် "အင်း . . . တယ်လည်း ခက်ပေသကိုး" လို့သာ ညည်းတွားမိပြီး ဆင်ဆရာကြီးသည် လူသူအိပ်ချိန် ညအချိန်တွင် ဖောက်ပြန်ဆန့်ကျင်သော ဆင်အတတ်ပညာကို ဆင်လိမ္မာနှင့် သင်လေသည်။ ဆင်လိမ္မာသည် "သွားလော့"ဟုဆိုလျှင် နောက်သို့ဆုတ်၏။ "ဆုတ်လော့"ဟုဆိုလျှင် ရှေ့သို့သွား၏။ "ရပ်လော့" "ဝပ်လော့" "ထ လော့" "ယူလော့" ဆိုသော စကားများနှင့် ဆန့်ကျင်ဘက်ပညာကို သင်လေသည်။

ခုနစ်ရက်လွန်မြောက်သောနေ့တွင် မင်းပရိသတ်စုံညီသော ပွဲလယ်၌ ဆင်အတတ်ပညာပြိုင်ပွဲ ဆင်ယင်ကျင်းပလေသည်။ သို့သော် မောင်တုပသည် ဆင်ဆရာထံမှ သင်ကြားထားသမျှလောက်သာ တတ်ကျွမ်းသော်လည်း ဆင်ဆရာအသစ်တီထွင်ထားသော အတတ်ပညာကိုမူ မတတ်ပေ။ ထိုအခါ မင်းပရိသတ်အပေါင်းသည် ဒေါသတကြီးနှင့် အပြစ်တင်ပြောဆိုပြီး တုတ်၊ ခဲတို့ဖြင့် ပစ်ပေါက်ကာ မောင်းထုတ်လိုက်လေသည်။

အမှန်စင်စစ် မပြုအပ်သော၊ မလုပ်အပ်သော အမှုကို ပြုခြင်းသည် အကျိုးယုတ်စေတတ်သည်။ ဆရာဟူသည် အနန္တဂိုဏ်းဝင်ဖြစ်၏။ မိမိ၏ ကောင်းကျိုးချမ်းသာအတတ်ပညာများကို သင်ကြားပေးသူအား မည်သို့သောအခါမျှ 'ကာယကံ၊ ဝစီကံ၊ မနောကံ'ဖြင့် ပြစ်မှားမပြုအပ်ပေ၊ အစဉ်လေးစားအပ်သူများ ဖြစ်ပေသည်။

## မိုးသောက်ပန်း၏ ပန်ကြားလွှာ

မိုးသောက်ပန်းဂျာနယ်၏ စာဖတ်ပရိသတ်များရှင်/-

မိုးသောက်ပန်းဂျာနယ်၏ အားနည်းချက်များ၊ အကြံပြုစရာများရှိပါက လိပ်စာအတိုင်း အကြံပြုပေးပို့နိုင်ပါကြောင်း မေတ္တာရပ်ခံအပ်ပါသည်။

တာဝန်ခံစာတည်း (မိုးသောက်ပန်းဂျာနယ်)
အမှတ်(၁၅)၊ တပ်မြေ၊ မိုးကောင်းလမ်း၁၅ ရပ်ကွက်၊ ဘောက်ထော်၊ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉ ၁၀၀၈၁၀၁၅၊ ၀၉ ၁၀၃၆၇၅၆၂။

ရန်ကုန်ရုံးခွဲ
အမှတ်(၁၈၁)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉ ၃၂၄၉၈၇၁၄။

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# LACK OF REASON MAY LEAD TO DISASTER

***H.K***

**Once upon a time in Varanasi, there was a kind-hearted elephant tamer U Cetana. He served under the King of Varanasi as an elephant tamer.**

**There was a selfish and unreasoning youth Maung Tupa, who lived in Gala village near Varanasi, asked the elephant tamer to teach him how to tame the elephant. As he was a kind-hearted man, U Cetana accepted Maung Tupa and taught him the method of taming the elephant.**

**One day U Cetana asked Maung Tupa; "Maung Tupa, you have learned the art of taming the elephant like me. I want to know if you like to serve under the King?"**

**At that time Maung Tupa replied:**

**"You can manage me as you like."**

**So the master elephant tamer reported about it to the King and the King said; "Well, I'll appoint him as your assistant and allow him to get half of your monthly pay."**

**The master elephant tamer returned home gladly and told about it to his pupil Maung Tupa. When Maung Tupa heard this news he unreasoningly said; "It is an unjust act. I have the skill enough in teaming the elephant as you. So I can't accept half of your pay."**

**Then the master elephant tamer entered into the palace reported about the character of Maung Tupa.**

**The King thought for a moment and said; "If he wants to get equal salary as you, he must compete with you. I'll allow him to get same amount of money as you have got if he can challenge you in performing the skill of taming the elephant.**

**The master elephant tamer said to himself; "Emm! What an unreasoning young man he is!"**

**At night the master elephant tamer taught his elephant how to perform negative act.**

**If he commanded the elephant to go ahead, the elephant would go back. If he commanded the elephant to retreat the elephant would came forward.**

**In this way he command to stop, sit down, get up and let the elephant to perform the opposite way.**

**At the seventh day, there held a ceremony on contest and elephant show. But Maung Tupa could perform only what he was taught. He could not cope with the negative performances. Then the audiences scolded Maung Tupa and threw him with stones. In this way Maung Tupa was kicked away.**

**Unreasoning act may leads to disaster. Teacher is regarded as respected one. We must not do any misdeed against teacher physically, verbally and mentally. We should pay respect to teacher throughout the life.**

နေ့စဉ်
The Myawady Daily
မြန်မာနိုင်ငံတွင် ပထမဦးဆုံး ရောင်စုံနေ့စဉ်သတင်းစာ ထွက်ရှိနေပါပြီ
သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း ပေးပို့လိုသူများနှင့် ကြော်ငြာ၊ သတင်းစာ ဖြန့်ချိလိုသူ ကိုယ်စားလှယ်များ တစ်ဖက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

**နေပြည်တော်**
မြဝတီသတင်းစာတိုက်(နေပြည်တော်)
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်။ စာတည်းမှူးချုပ် ၀၃၁-၇၄၀၀၅၊
စာတည်းမှူး ၀၃၁-၇၃၉၉၈၊ ဖြန့်ချိ/ကြော်ငြာ ၀၃၁-၇၃၉၉၉၊ ဖက်စ် ၀၃၂-၃၀၂၆၂။
**ပျဉ်းမနား(ရုံးခွဲ)**
(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)
ပျဉ်းမနားမြို့ ဗိုလ်တောက်ထိန်လမ်းနှင့် အမှတ်(၈)လမ်း၊ အမှတ်(၁)မြို့မဈေးအပေါ်ထပ်၊
ဖုန်း/ဖက်စ် ၀၆၇-၂၆၆၈၉။
**မန္တလေး(ရုံးခွဲ)**
၈၄ လမ်း၊ ၂၉ × ၃၀ ကြား။ ဖုန်း ၀၂-၆၆၆၅၁။
**ရန်ကုန် (ရုံးခွဲ ၁)**
အမှတ်(၁၅)ရပ်ကွက်၊ မိုးကောင်းလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖက်စ် ၀၃၁-၇၄၀၂၀၊ ဖုန်း ၀၁-၄၀၀၆၉၇။
**ရန်ကုန် (ရုံးခွဲ ၂)**
မြဝတီစာပေတိုက်ရုံးခွဲ အမှတ်(၁၈၁)၊ ၃၂ လမ်း၊ အထက်ဘလောက်၊ မြေညီထပ်၊ ပန်းဘဲတန်းမြို့နယ်။ ၀၉ ၃၂၄၉၈၇၁၄။

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ဆေးရောင်လှလှခြယ်ကြရအောင်

## အမှတ်စဉ်(၈၄)

ခင် နှင်း ဆီ

အမည် ______________

အသက် ______________

အတန်း ______________

နေရပ် ______________

______________



**စည်းကမ်းချက်များ**

၁။ မူလတန်းအဆင့် ကလေးများသာ ပါဝင်ယှဉ်ပြိုင်ရမည်။

၂။ လိုင်စင်အရွယ် ဓာတ်ပုံ(၂)ပုံ ပေးပို့ရမည်။ တစ်ကြိမ်ပို့ပြီး ထပ်မံပေးပို့ရန်မလိုပါ။

၃။ ဆေးရောင်ခြယ်ထားသောပုံသည် သဘာဝကျ၍ အဖွဲ့မှ စံသတ်မှတ်ထားသော ဆေးရောင်နှင့်အနီးစပ်ဆုံး ကိုက်ညီရပါမည်။ ဂျာနယ်တွင်ပါသောပုံကိုသာ ဆေးရောင်ခြယ်ပြီး ပြန်လည်ပေးပို့ပြိုင်ပွဲဝင်ရပါမည်။

၄။ ပေးပို့သူ၏ အမည်၊ နေရပ်လိပ်စာ၊ အပြည့်အစုံ ဖော်ပြရမည်။

၅။ ပြိုင်ပွဲဝင်ရုပ်ပုံလွှာများကို ဂျာနယ်တွင်ပါသော လိပ်စာများအတိုင်း ပြန်လည်ပေးပို့ရပါမည်။

၆။ အမှတ်စဉ်(၈၄)ပြိုင်ပွဲဝင်ရုပ်ပုံလွှာကို (၁၂-၇-၂၀၁၆) ရက်အရောက် ပေးပို့ရမည်ဖြစ်ပါသည်။

**ဆုချီးမြှင့်ခြင်း**

၁။ (၄) ပတ်ဆက်တိုက်မှန်ပါက အဖြေမှန်သူ၏ ဓာတ်ပုံနှင့်တကွ မိုးသောက်ပန်းဂျာနယ်၏ ဂုဏ်ပြုအစီအစဉ်တွင် ထည့်သွင်းဖော်ပြပေးပါမည်။

၂။ အဖြေမှန်သူတစ်ဦးထက်ပိုပါက မဲစနစ်ဖြင့် ပထမ၊ ဒုတိယ၊ တတိယဆုများကို ရွေးချယ်ပေးပါမည်။

၃။ (၈)ပတ်ဆက်တိုက် ပထမဆုရပါက မိုးသောက်ပန်းဂျာနယ်လက်ဆောင် (၄) ပတ် ပေးပို့ချီးမြှင့်ပါမည်။

၄။ (၁၂) ပတ်ဆက်တိုက် ပထမဆုရပါကမိုးသောက်ပန်းဂျာနယ်လက်ဆောင် (၁၂)ပတ် ပေးပို့ချီးမြှင့်ပါမည်။

---

### မြဝတီစာပေတိုက်
### မိုးသောက်ပန်းဂျာနယ်ဝယ်ယူရရှိနိုင်သော ဆိုင်များစာရင်း

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်း |
|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | |
| ၁ | ဦးချစ်စရာ | အင်းတော် | ၀၉၇၇၈၈၃၁၈၆၄ |
| ၂ | ဦးသောင်းညွန့် | ကျွန်းလှ | ၀၇၅ ၅၉၁၀၃ |
| ၃ | ဦးဇော်မင်း | မော်လူး | ၀၇၅ ၆၅၁၄၇ |
| ၄ | ဦးတင်ငွေ | မင်းကင်း | ၀၁၀ ၄၀၁၀၉၀<br>၀၉၂၆၀၄၆၀၇၇၄ |
| | မကွေးတိုင်းဒေသကြီး | | |
| ၅ | ပုလဲစာပေ | တောင်တွင်းကြီး | ၀၆၃ ၅၀၄၂၀ |
| ၆ | ဦးနေလင်း | နတ်မောက် | ၀၉၂၅၆၀၉၂၃၂၃ |
| ၇ | မျိုးဆက်သစ်စာပေ | မကွေး | ၀၆၃ ၂၇၂၄၃ |
| | မန္တလေးတိုင်းဒေသကြီး | | |
| ၈ | ထွန်းဦးစာပေ | မန္တလေး | ၀၂ ၃၉၈၉၁၊<br>၀၂ ၃၉၈၀၁ |
| ၉ | နဂါးစာပေ | မန္တလေး | ၀၂ ၃၆၇၄၅ |
| | ဧရာဝတီတိုင်းဒေသကြီး | | |
| ၁၀ | ဦးခင်စိုး | မြန်အောင် | ၀၄၄ ၅၀၃၅၈၊<br>၀၉၂၅၀၅၆၉၇၇၃ |

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်း |
|---|---|---|---|
| ၁၁ | ဦးကျော်ဝင်း | လပွတ္တာ | ၀၉၃၁၁၆၉၅၄၇ |
| ၁၂ | ဒေါ်ကြည်ကြည်စိန် | ဇလွန် | ၀၉၄၅၁၂၄၀၅၂၄ |
| | ရှမ်းပြည်နယ် | | |
| ၁၃ | မျိုးဆွေစာပေ | ညောင်ရွှေ | ၀၉၃၂၃၃၃၈၄၇,၀၈၊<br>၀၈၁ ၂၀၉၃၁၆ |
| | ရန်ကုန်တိုင်းဒေသကြီး | | |
| ၁၄ | ခိုင်ဇင်ဦး | ရွှေဂုံတိုင် | ၀၁ ၅၅၂၈၀၃ |
| ၁၅ | ဦးအောင်မောင်း | ပန်းဆိုးတန်း | ၀၁ ၂၄၃၂၈၃၊<br>၀၉၈၅၀၁၅၃၈ |
| ၁၆ | သီတာ-၁ | ပန်းဆိုးတန်း | ၀၁ ၃၈၄၉၃၉ |
| ၁၇ | မြသော်တာစာပေ | ပန်းဘဲတန်း | ၀၁ ၃၈၂၂၁၉ |
| ၁၈ | ဦးစိုးအောင် | ကျောက်တံတား | ၀၁ ၂၅၃၂၅၅ |
| ၁၉ | စာပေဗိမာန် | ရန်ကုန် | ၀၁ ၂၄၉၀၃၁ |
| | ပဲခူးတိုင်းဒေသကြီး | | |
| ၂၀ | ဦးမြဦး(မြအလင်္ကာ<br>စာဥယျာဉ်) | ပေါက်ခေါင်း | ၀၅၃ ၄၅၅၆၈၊<br>၀၉၂၅၃၃၇၃၁၆၀ |
| ၂၁ | အောင်မြင်စာပေ | လက်ပံတန်း | ၀၅၃ ၃၂၂၄၁၊<br>၀၅၃ ၃၂၆၄၉ |

www.facebook.com/themyawadydaily







မေပြည့်စုံ စုစည်းတင်ပြသည်။

# မိမိဝန်းကျင်မှ သစ်သီးဝလံများ



## သင်္ဘောသီး (Papaya)

အပင်ထိပ်ဖျားတွင် ခေါင်ရွက်ပြားကြီးများရှိသည့်အမြဲစိမ်းပင်ငယ်မျိုး၏ အသီးဖြစ်သည်။ အဖိုပင်၊ အမပင်နှင့် လိင်စုံပင်ဟူ၍ ရှိသည်။ သို့သော် အမပင်နှင့် လိင်စုံပင်မှသာ အသီးသီးသည်။ အသီးမှည့်တွင် ပျော့ပျောင်းနူးညံ့ပြီး အရသာချိုသော အဝါရောင် အတွင်းသားနှင့်အတူ အနက်ရောင် အစေ့ငယ်ကလေးများရှိသည်။ တစ်နှစ်ပတ်လုံး သီးသော်လည်း နိုဝင်ဘာလမှ မတ်လအတွင်းတွင် ပိုသီးသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည့် မြေနိမ့်ပိုင်းဒေသများတွင် ကောင်းစွာဖြစ်ထွန်းသည်။

It is a fruit of a small evergreen tree that has broad leaves at the top. There are male, female and hermaphrodite trees. Only the female and hermaphrodite trees bear fruits. Ripe fruit has a soft, sweet, yellow flesh with little, black seeds. Although it bears fruit all year round, it yields the most fruit from November to March. This tree grows well in Lowlands with a tropical climate.

# ကလေးတို့အတွက် ပုံပြအဘိဓာန်

ရွှေဝါဦး



## Park

A park is a large public garden. Where people go to walk and to play. A park has manytrees, plants and swings.



### ပန်းခြံ

ပန်းခြံဆိုသည်မှာ အများပြည်သူအသုံးပြုသည့် ဥယျာဉ်ကြီးဖြစ်သည်။ ပန်းခြံတွင် လူများလမ်းလျှောက်ခြင်း၊ ကစားခြင်းပြုကြသည်။ ပန်းခြံတွင် သစ်ပင်ပန်းပင်များစွာနှင့် အပျော်စီးဒန်းများရှိသည်။

## Parrot

A parrot is a colourful bird with a curved beak. Some parrots can be taught to speak a few words.



### ကြက်တူရွေး

ကြက်တူရွေးဆိုသည်မှာ အရောင်အသွေးလှသော ငှက်မျိုးဖြစ်ပြီး ကောက်ချိတ်သည့် နှုတ်သီးပါရှိသည်။ အချို့ကြက်တူရွေးများသည် လူစကားအချို့ပြောနိုင်ရန် သင်ကြား၍ရသည်။

## Pea

A pea is a round, green vegetable.



### ပဲစေ့

ပဲစေ့ဆိုသည်မှာ ပဲတောင့်တွင်းရှိလုံးဝန်း၍ အစိမ်းရောင်ရှိသောအရာကို ခေါ်သည်။

## Peanut

A peanut is a small nut that grows inside a pod inside the ground.



### မြေပဲ

မြေပဲဆိုသည်မှာ သေးငယ်သောအခွံမာအစေ့တစ်မျိုးဖြစ်ပြီး အခွံတွင်း၌ အဆန်ပါရှိသည်။ မြေပဲသည် မြေအောက်၌ ကြီးထွားသည်။


ဘုတ်ဆု
ရေမာယာ
Mega (Pyay)
BOTE HSU
THE WILES WATER
CARTOON: MEGA (PYAY)
TR : TRIPLE A
မိုးသည်းထန်ပြီး အဆက်မပြတ် ရွာသွန်းမှုကြောင့် တစ်နိုင်ငံလုံး ရေကြီးရေလျှံခဲ့သလို ဘုတ်ဆုတို့ရွာလေး လည်းပါဝင်ခဲ့...
AFTER CONTINUOUS HEAVY RAIN, THE WHOLE COUNTRY IS FLOODED INCLUDING THE VILLAGE OF BOTE HSU.
မြုပ်ခါနီးလေး
"ALMOST DROWN."
ဟင်း
မလာပါနဲ့..မလာပါနဲ့ လာလို့မရဘူး
'DON'T COME HERE. YOU CAN NOT COME HERE."
ဟဲ့!
မျိုးကြီးများလား
"IS IT MYO GYI?"
တကယ်!
"REALLY!"
ငါက ဒီရွာမှာလူကြီးကွ လာတော့ဘာဖြစ်လဲ
"I AM THE HEAD OF THIS VILLAGE. WHAT IF I COME?"
"SPEAK OVERBEARINGLY."
မရဘူးဗျ ဒီနေရာကလုံးဝမဖြတ်ခိုင်းရဘူးလို့ အမေကမှာထားတယ်
"NO, YOU CAN NOT. MY MOTHER ASKED ME DON'T ALLOW ANYONE TO CROSS HERE."
ဘာကွ!
"WHAT?"
"NO."
မင်းကများ တားလားဆီးလားနဲ့ ဖြတ်မယ်ကွာ ဘာဖြစ်သေးလဲ
"YOU LITTLE STOP ME. WHAT IF I CROSS?"
စိတ်ကထောင်းဆို ဟောင်းခနဲပဲ
"I HAVE A SHORT TEMPER."
ဘာဖြစ်မလဲသိချင်ရင်တော့.....
"DO YOU WANT TO KNOW WHAT WILL HAPPEN?"

www.facebook.com/themyawadydaily






www.facebook.com/themyawadydaily


"I TRY TO SALVAGE AUNG BU'S FLOAT BECAUSE IT IS FLOWING ALONG THE CURRENT."
"STOP."
"ARR PAR PAR... IT IS SERIOUS WILES INDEED."
"DON'T USE WILES TO PLAY WATER. YOUR MOTHER MIGHT BE WORRIED. COME ON."
"ACTUALLY KARKWE IS NOTHING."
"BETTER SAY LIKE THIS."
"SEIN SEIN'S DAUGHTER HLA OU KWE IS WORSE THAN KARKWE."
"ONE MORE COMES."
"IF IT WAS DROPPED INTO WATER, I MAY NOT HAVE TO LEARN."
"SHE DOESN'T WANT TO LEARN AND TRY TO THROW BOOK INTO THE WATER."
"I HAD BEEN THERE IN TIME."
"OU KWE'S WILES OF NOT TO LEARN IS STRONGER THAN KARKWE'S WILES OF PLAYING IN THE WATER. BECAUSE THEY ARE STILL YOUNG TO UNDERSTAND."


ဘုတ်ဆုတောင်အရွယ်လေးရလာတော့အပြောအဆိုလွတ်သွားပြီ
"BOTE HSU IS GROWING UP AND FREE FROM NAGGING."
ဟီး-ဟီး
"HEE! HEE!"
ဒါနဲ့ အရီးကျော့ကဘယ်သွား မလို့လဲတော့
"BY THE WAY WHERE ARE YOU GOING AHYEE KYAUT?"
မပြောချင်ပါဘူးအော.....
"I DON'T WANT TO TELL YOU."
မပြောမှာလည်း မဟုတ်ဘဲနဲ့
"IT IS IMPOSSIBLE THAT SHE WON'T TELL ANYTHING."
ဟိုဘက်ရွာက ခေါက်ဆွဲကြော်ထုပ်တွေလာဝေတယ်ဆိုလို့ သွားယူတာ
"I HEARD PEOPLE FROM THE OTHER VILLAGE DISTRIBUTES FRIED NODDLES AND I AM GOING TO TAKE."
ကုန်ပြီဟေ့
"NO MORE NOODLES."
ဂိန်!
ရှက်ရှက်နဲ့ ရေကူးချင်ယောင် ဆောင်နေခဲ့ရတယ်အေ့...
"I WAS EMBARRASSING AND TRY TO PRETEND AS I AM SWIMMING."
ဒါဆို ကြီးကျော့ကခေါက်ဆွဲထုပ်မရတဲ့မာယာပေါ့နော်
"SO IS THIS KYI KYAUT'S WILES OF COULD NOT GET NODDLES?"
ဘာ!
ဟီး ဟီး
ဟား ဟား ဟား
ဟား! ဟား!
ဘုတ်ဆုတစ်ယောက်တည်း ဘာတွေသဘောကျနေလဲ
"WHAT ARE YOU SO HAPPY?"
မနှစ်ကရေကြီးတုန်းကအကြောင်းတွေ ပြန်ပြီးတွေးမိလို့မေမေရဲ့ ဟီး!
"I RECALL THE TIME OF FLOODING LAST YEAR MOTHER. HEE!"
ပြီး


စာမဲ့ ကာတွန်းကဏ္ဍ
ကာတွန်း သိကျော 2015
မုဆိုး...ချော
ဒိုင်း
ပြီး

www.facebook.com/themyawadydaily





# အထွေထွေ ဗဟုသုတ

ထက်ဘုန်း

## သမိုင်းဝင် တီကယ်လ်မြို့ပျက်ကြီး (Tikal)

တီကယ်လ်မြို့ပျက်ကြီးသည် ဂွာတီမာလာနိုင်ငံ ပီတန်ဘစင်(Paten Basin) ရှေးဟောင်းသုတေသနဒေသတွင် တည်ရှိသည်။ တီကယ်လ်မြို့တော်ကြီးသည် မာယာမြို့ပြလူနေမှုဘ၀အတွက် ယဉ်ကျေးမှုအရ အရေးပါလှသော မြို့တစ်မြို့လည်း ဖြစ်သည်။ ၎င်းမြို့ပျက်ကြီး၏ ဗိသုကာလက်ရာများအရ ဘီစီ ၄ ရာစုခန့်က တည်ရှိခဲ့သည်ဟု ယူဆကြလေသည်။ တီကယ်လ်မြို့ပျက်ကြီးသည် ဂွာတီမာလာနိုင်ငံ၏ တီကယ်လ်အမျိုးသားဥယျာဉ်ကြီး၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်လေသည်။ ၎င်းမြို့ပျက်ကြီးသည် အေဒီ ၂၀၀ နှင့် ၉၀၀ ခန့်ကြားကာလတွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးဖွံ့ဖြိုးတိုးတက်မှု အမြင့်မားဆုံးအခြေအနေသို့ ရောက်ခဲ့လေသည်။ နောက်ပိုင်းတွင် တီကယ်လ်မြို့ပျက်ကြီးအား မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသော အထောက်အထားများ တွေ့ရှိခဲ့ရသည်။ တီကယ်လ်မြို့ပျက်ကြီးအား ကမ္ဘာ့ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီးက ၁၉၇၉ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာအဖြစ် ကြေညာခဲ့သည်။

## ကမ္ဘာ့အမြင့်ဆုံး မိုးမျှော်အဆောက်အအုံကြီး ဘာ့ဂျ်ခါလီဖာ (Burj Khalifa)

မိုးမျှော်အဆောက်အအုံကြီး ဘာ့ဂျ်ခါလီဖာ(Burj Khalifa)သည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ၊ ဒူဘိုင်းမြို့တွင် တည်ရှိသည်။ ၎င်းအဆောက်အအုံကြီးကို ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် ပြီးစီးခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် အဆောက်အအုံကြီးအား ဖွင့်လှစ်ခဲ့သည်။ ၎င်းအဆောက်အအုံကြီး၏ အမြင့်ပေမှာ ၈၂၈ မီတာ (၂၇၁၇ ပေ)ရှိပြီး အထပ်ပေါင်း ၁၆၃ ထပ်ပါရှိသည်။ ၎င်းအဆောက်အအုံကြီးအား အမွှားကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့သည်။ ယနေ့မျက်မှောက်ကာလ ၂၀၁၆ ခုနှစ်တွင် ဘာ့ဂျ်ခါလီဖာအဆောက်အအုံကြီးသည် ကမ္ဘာ့အမြင့်ဆုံး မိုးမျှော်အဆောက်အအုံကြီးအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။ ၎င်းအဆောက်အအုံကြီးကို လူနေတိုက်ခန်းများ၊ စီးပွားရေးရုံးခန်းများ ဈေးဆိုင်များနှင့် ကုန်တိုက်များအဖြစ် အသုံးပြုလေသည်။





## ရှေးဟောင်းသမိုင်းဝင် အိုးလ်ဒ်ဒူဗိုင်လျှိုကြီး (Olduvai Gorge)

အိုးလ်ဒ်ဒူဗိုင်လျှိုကြီး(Olduvai Gorge)သည် အာဖရိကအရှေ့ပိုင်းဒေသ၊ တန်ဇန်းနီးယားနိုင်ငံတွင်တည်ရှိသည်။ ၎င်းနေရာသည် ကမ္ဘာပေါ်တွင် အရေးပါဆုံးရှေးဟောင်းသမိုင်းဝင်နေရာတစ်ခု ဖြစ်သည်။ အိုးလ်ဒ်ဒူဗိုင်လျှိုကြီးတွင် သက်တမ်း ၁ ဒသမ ၉ သန်းရှိသော ရှေးလူတို့၏ ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့လေသည်။ ၎င်းရုပ်ကြွင်း များသည် ထိုလျှိုကြီးအတွင်း၌ နှစ်ထောင်ပေါင်းများစွာတည်ရှိခဲ့သော ကြောင့် လူသားတို့၏ တဖြည်းဖြည်းတိုးတက်ဆင့်ကဲပြောင်းလဲလာမှု ဖြစ်စဉ်များကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။ အိုးလ်ဒ်ဒူဗိုင်လျှိုကြီးအတွင်း ရှေးလူတို့၏ အသုံးအဆောင်ကိရိယာတန်ဆာပလာများ၊ အမဲလိုက်သည့်အထောက်အထားများနှင့် လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံခဲ့သည့်အထောက်အထားများကိုရှာဖွေတွေ့ရှိခဲ့သည့်အပြင် ကျောက်သားအနုပညာလက်ရာများကိုလည်း ရှာဖွေတွေ့ရှိခဲ့လေသည်။ ၎င်းလျှိုကြီးသည် လူသားတို့၏ ပထမဆုံး ရှေးဟောင်းမြို့ကြီးတစ်မြို့ ဖြစ်နိုင်ဖွယ်ရှိသည်ဟုလည်း ယူဆကြလေသည်။

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily




www.facebook.com/themyawadydaily